**လုပ်ငန်းသုံးအိမ်သုံးမီတာလျှောက်ထားမှုနှင့်စပ်လျဉ်း၍ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(၁) လျှောက်ထားသူ၏မှတ်ပုံတင်မိတ္တူ

(၂) လျှောက်ထားသူ၏လက်ရှိအိမ်ထောင်စုစာရင်း

(၃) မြေပိုင်ဆိုင်မှုအထောက်အထား (မြေစာရင်းပုံစံ-၁၀၅၊ ၁၀၆၊ ဂရံမြေ၊ သာသနာမြေ၊ ဌာနဆိုင်ရာ မြေ (သို့)မြေပိုင်ဆိုင်မှုစာချုပ်)

(၄) လုပ်ငန်းသုံးပါဝါမီတာများအတွက် လျှောက်ထားရာတွင် ကိုယ်ပိုင်ထရန်စဖော်မာ လျှောက်ထားသည့်အတိုင်း ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များ၊ သုံးစွဲမည့်ဝန်အား စာရင်းများလိုအပ်ပါသည်။

(၅) အိမ်သုံးပါဝါမီတာ လျှောက်ထားရာတွင် မည်သည့်လုပ်ငန်းလိုင်စင်မှ မလိုအပ်ပါ။ (မှတ်ချက်- အိမ်သုံးအတွက် လျှောက်ထားခြင်းဖြစ်၍ စက်မှုလက်မှုစီးပွားရေးလုပ်ငန်း မသုံးစွဲကြောင်း အခြားစီးပွားရေးလုပ်ငန်းအဖြစ် ငှားရမ်းခ စီးပွားရေးနှုန်းထားဖြင့် ပေးချေမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါမည်။

(၆) ပါဝါမီတာလျှောက်ထားခြင်းအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် မှတ်ပုံတင်ကြေး (၂၀၀၀၀/-) (ကျပ်နှစ်သောင်းတိတိ)ပေးသွင်း၍ စတင်လျှောက်ထားရမည်။

(၇) ဖော်ပြပါအချက်များ၊ ကာယကံရှင်လျှောက်လွှာ၊ သုံးစွဲဝန်အားစာရင်းနှင့် လျှပ်စစ်ပုံစံ (၁၆)၊ စာချုပ်တွင် ကာယကံရှင်မှ လက်မှတ်ရေးထိုးပြီးလိုအပ်သောစာရွက်စာတမ်းများ ပြည့်စုံပါက ဓာတ်အားပေးမည့် 11/0.4kV Distribution Transformer ၏ ဝန်အားနိုင်နင်းမှုရှိပြီး ဆားဗစ်ကြိုးသည် (၄၀၀)ဗို့ ဓာတ်အားလိုင်းမှ အဆောက်အဦးထိ ပေ(၃၀၀)အတွင်းသို့ရှိလျှင် သက်ဆိုင်ရာခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ခွင့်ပြုမိန့် ထုတ်ပေးပါမည်။

(၈) ဆားဗစ်ကြိုးပေ(၃၀၀)ကျော်ပါက လျှောက်ထားသူမှ ကိုယ်ထူကိုယ်ထ(၄၀၀)ဗို့ ဓာတ်အားလိုင်းအား ဆားဗစ်ဝါယာပေ(၃၀၀)အတွင်းရှိအောင် တည်ဆောက်ပေးရ ပါမည်။

(၉) ခွင့်ပြုမိန့်ရရှိပါက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည့်လုပ်ငန်းသို့ လျှောက်ထားသည့်ပါ ဝါ မီတာ၏ တပ်ဆင်အင်အားအရ သတ်မှတ်ကြေး (Infrastrtucture)၊ အာမခံစဘော် (Deposit)၊ မီးဆက်ခ၊ ကြိုးကြပ်ခ၊ ကြိုးသွယ်ခများပေးရပါမည်။

(၁၀) စက်ရုံအလုပ်ရုံနှင့် အိမ်တွင်းဝါယာ သွယ်တန်းခြင်းကို လျှောက်ထားသူမှ တာဝန်ယူ ဆောင်ရွက်ရပါမည်။

(၁၁) ၎င်းအချက်အလက်များပြည့်စုံပါက မီတာတပ်ဆင်ပြီး ဓာတ်အားလွှတ်ပေးပါမည်။